မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

ရက်စွဲ။ ။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ( ၇ ) ရက်

**Myanmar Citizens Bank Ltd (MCB) နှင့် Fortress Data Services (FDS) တို့**
**သဘောတူလက်မှတ်ရေးထိုးခြင်း**

၁။ မြန်မာနိုင်ငံသားများဘဏ် (MCB) နှင့် ဘဏ္ဍာရေးဝန်ဆောင်မှုနည်းပညာများ တီထွင်ပံ့ပိုးပေးသည့် နည်းပညာကုမ္ပဏီ Fortress Data Services (FDS) တို့သည် နိုင်ငံတကာအဆင့်မီ Digital Banking ဝန်ဆောင်မှုအား တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် သဘောတူလက်မှတ်ရေးထိုးပွဲကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့တွင် ရန်ကုန်မြို့ရှိ MCB ဘဏ်ရုံးချုပ်၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

၂။ FDS သည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာအခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်ပြီး၊ ဘဏ်များအား ၎င်းတို့၏ ဘဏ်လုပ်ငန်းဆောင်ရွက်မှု၊ ဝန်ဆောင်မှုများကို ကောင်းမွန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်အတွက် ဒီဂျစ်တယ်စနစ်ကျင့်သုံးရာတွင် အကူအညီပေးလျက်ရှိပါသည်။ ထို့အပြင် ဘဏ်များအနေနှင့် digitalization services များဖြင့် customer များအတွက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုအသစ်များအား စီစဉ်ပေးနိုင်မည် ဖြစ်သည်။ FDS သည် အင်ဒိုနီးရှားဘဏ်များနှင့် နိုင်ငံတကာရှိဘဏ်များအား Software as a Service (SaaS) ဝန်ဆောင်မှုပေးသော အတွေ့အကြုံသက်တမ်း ၂၀ ရှိထားပြီးဖြစ်ပါသည်။

၃။ နည်းပညာပြောင်းလဲမှုများဖြင့် မြန်မာနိုင်ငံသားများဘဏ် (MCB) သည် လက်ရှိတွင် ဘဏ်ခွဲကွန်ရက်များအား တိုးချဲ့နေရုံသာမက အနာဂတ်တွင် ပိုမိုကောင်းမွန်သော နိုင်ငံတကာအဆင့်မီ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအားလည်း Digital Banking System ဖြင့် Customer များ အဆင်ပြေလွယ်ကူစွာ အချိန်မရွေးနေရာမရွေး အမြန်ဆုံးအသုံးပြုနိုင်ရန် ရည်ရွယ်လျက် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**